# သဘာဝပတ်ဝန်းကျင်ဆိုင် မူဝါဒ

| | |
|---|---|
| စာတမ်းအမှတ် | M&AOSB-CPL-05012018-EP |
| စာတမ်းခေါင်းစဉ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ |
| ရေးသားသူ | ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာမန်နေဂျာ |
| ရက်စွဲ | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ( ၅ ) ရက် |
| အတည်ပြုသူ | Group General Manager |

## ဦးတည်ချက်

M&AOSB သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများအတွက်၊ အထူးသဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသည့် ဒေသ /နေရာ၏ သဘာဝပတ်ဝန်းကျင်၊ ဝန်ထမ်းများနှင့် ဒေသခံလူထုတို့ အပေါ် အကျိုးသက်ရောက်မှု ဖြစ်လာနိုင်သည့် သဘာဝသယံဇာတအရင်းမြစ်များဆုံးရှုံးပျက်စီးမှု၊ ငွေကြေးနှင့် အခြားသောပိုင်ဆိုင်မှုများ မတော်တဆဆုံးရှုံးမှုတို့မှ ကာကွယ်ရန်၊ သင့်လျော်သည့် နည်းလမ်းများဖြင့် တာဝန်ယူဆောင်ရွက်ရမည်ကို သိရှိလိုက်နာနေသည့် ကုမ္ပဏီဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းဆောင် ရွက်လုပ်ကိုင်နေမှုများကိုလည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်း ကာကွယ်ရမည်ဟူသော တာဝန်ယူမှုဖြင့် ပို၍တိုးတက်ဆောင်ရွက်လာနိုင်စေရန်အတွက် အောက်ပါအတိုင်း ရည်ရွယ်ထားပါသည်။

"သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်"

## အကောင်အထည်ဖော်ဆောင်ရွက်မှု

M&AOSB သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့ကုမ္ပဏီ အဖွဲ့အစည်းရှိ မန်နေဂျာများနှင့်တကွ ဝန်ထမ်းများအားလုံးသည် တစ်ဦးချင်းအနေဖြင့်သာမက၊ အားလုံးစုပေါင်း၍လည်း ကုမ္ပဏီ၏ လုပ်ဆောင်မှုတစ်လျှောက်လုံးတွင် ပါဝင်ရုံမျှမက လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသည့် ကန်ထရိုက်တာများနှင့် Supplier များကိုပါ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းဖြင့်၊ မိမိတို့၏ဦးတည်ချက်၊ တာဝန်ယူမှု နှင့်အာမခံချက်များကို ပိုမိုအောင်မြင်စေရန် မျှော်လင့်ချက်ဖြင့် ဆောင်ရွက်နေပါသည်။

ထိုသို့ M&AOSB မှ ချမှတ်ထားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒကို လိုက်နာရန် ပျက်ကွက်ပါက ရုံးစည်းကမ်းနှင့်အညီ အရေးယူခြင်းမှ လုပ်ငန်းရပ်စဲခြင်းအထိ အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။ အလားတူပင် မူဝါဒကိုလိုက်နာရန် ပျက်ကွက်သော ကန်ထရိုက်တာများကိုလည်း ၄င်းတို့နှင့် လုပ်ငန်းစာချုပ်များကို ရပ်စဲခြင်း (သို့မဟုတ်) သက်တမ်းတိုးမှု မပြုလုပ်ခြင်း (သို့မဟုတ်) အခြားသင့်လျော်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။ M&AOSB အနေဖြင့် ထိုကဲ့သို့ ချမှတ်ထားသည့် မူဝါဒများကို လိုအပ်သည့်အခါများတွင်လည်း အချိန်အခါ၊ အခြေအနေနှင့်အညီ ပြင်ဆင်၊ ပြောင်းလဲမှုများ ပြုလုပ်ခွင့် ရှိပါသည်။

## တာဝန်ယူအာမခံချက်

M&AOSB သည်

- လုပ်ငန်းဆောင်ရွက်မှုများ၏ အကျိုးသက်ရောက်မှုများကို စောင့်ကြည့်လေ့လာ၍ စီမံခန့်ခွဲရမည့် လုပ်ငန်းများအစီအစဉ်များ ချမှတ်ရန်၊
- သုံးစွဲမှုနှင့် စွန့်ထုတ်မှုကို စောင့်ကြည့်ခြင်းနှင့် လျော့ချခြင်းများပြုလုပ်ရန်၊
- အဖွဲ့အစည်းအတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုနည်းလမ်းများနှင့် သတင်းအချက်အလက်များ ရရှိရေးကို မြှင့်တင်ရန်၊
- မိမိတို့ လုပ်ငန်းဆောင်ရွက်မှုပြုလုပ်သည့် လုပ်ငန်းခွင်နှင့် လုပ်ငန်းခွင်အခြေစိုက်ရာ အရပ်ဒေသ လူမှုအသိုက်အဝန်းတွင် တည်ရှိနေသော သဘာဝပတ်ဝန်းကျင်ကို ကာကွယ် စောင့်ရှောက်သွားမည်ဖြစ်ပါသည်၊
- သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေမှုများကိုတားဆီးနိုင်စေရန် ကြိုးပမ်းမည်ဖြစ်ပြီး၊ စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးများ၊ စွမ်းအင်သုံးစွဲမှုနှင့် သယံဇာတရင်းမြစ်သုံးစွဲမှုတို့မှ ပတ်ဝန်းကျင်အပေါ်အကျိုးသက်ရောက်မှုများအားလျော့ချမှုနှင့်ပတ်သက်၍ ပိုမိုတိုးတက်ကောင်းမွန်ရန်နည်းလမ်းများကိုလည်း ရှာဖွေဆောင်ရွက်သွားမည်ဖြစ်ပါသည်၊
- သဘာဝပတ်ဝန်းကျင်အပေါ် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများမှ ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများကို စောင့်ကြည့်၍၊ အဆိုပါအကျိုးသက်ရောက်မှုများကို လိုအပ်သည့်အခါတိုင်း လျော့ကျစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

- ကျွန်ုပ်တို့၏ သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်လုပ်ကိုင်ဆောင်ရွက်မှုများကို မိမိတို့၏ ဝန်ထမ်းများ၊ ဒေသဆိုင်ရာညှိနှိုင်းအစည်းအဝေးများ၊ ဒေသခံပြည်သူများနှင့် လူထုအဖွဲ့အစည်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်သုံးသပ်မှုများ စသည့် ထိတွေ့ဆက်ဆံမှုနည်းလမ်းများဖြင့် ပွင့်လင်းစွာ အသိပေးသွားမည် ဖြစ်ပါသည်၊
- နိုင်ငံတော်မှ ချမှတ်ထားသော ဥပဒေများ၊ နည်းဥပဒေများအပြင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းဆိုင်ရာ အကောင်းဆုံးအလေ့အကျင့်များ၊ နည်းလမ်းများ ( ဥပမာ United Nations Global Compact ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်း (၇)၊ (၈) နှင့် (၉) ) တို့ကို လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်၊
- ဝန်ထမ်းများသည် သက်ဆိုင်ရာလုပ်ငန်းများတွင် ကျွမ်းကျင်မှုရှိပြီး၊ သတ်မှတ်ထားသော မူဝါဒကို လိုက်နာနိုင်စေရေးအတွက် သင့်လျော်သောသင်တန်းများ ပေးအပ်ပါမည်၊
- လူတစ်ဦးချင်းကို ယခုမူဝါဒနှင့်အညီ လိုက်နာဆောင်ရွက်နိုင်မှုရှိလာစေရန်နှင့် လိုက်နာဆောင်ရွက်တတ်သည့် အလေ့အထတစ်ခုကိုလည်း ဖန်တီးသွားမည်ဖြစ်ပါသည်၊

## တာဝန်ဝတ္တရားများ

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ချက်များအတွက် တာဝန်ဝတ္တရားများကို ကျွန်ုပ်တို့အဖွဲ့.အစည်း၏ ဖွဲ့.စည်းထားရှိသည့် စီမံခန့်ခွဲမှုအဆင့်ဆင့်အလိုက် ချမှတ်ထားသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ HSE ဌာနနှင့် ၎င်း၏ ဝန်ထမ်းအဖွဲ့.များသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလေ့အကျင့်ကောင်းများပါဝင်သော တာဝန်ယူမှုကို အလေ့အကျင့်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ပင်၊ ၎င်းမှ အကျိုးသက်ရောက်မှုများကို စောင့်ကြည့် ရမည့် အစီအစဉ်များချမှတ်ခြင်းနှင့် ထိုလုပ်ငန်းဆောင်ရွက်မှုများမှ မလိုလားအပ်သော အကျိုးသက်ရောက်မှုများကို လျှော့ချရန်လည်း ကြိုးပမ်းလျက် ရှိပါသည်။

## ပြန်လည်သုံးသပ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီရင်ခံခြင်း

ယခုမူဝါဒကို မိမိတို့ အဖွဲ့.အစည်း၏ စီးပွားရေးအခြေအနေပြောင်းလဲမှု၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုများအပါအဝင် နိုင်ငံ၏အနေအထား၊ တရားဥပဒေဆိုင်ရာ လိုအပ်ချက်အပြောင်းအလဲ များနှင့်ပါ လိုက်လျောညီထွေမှုရှိစေရန်နှစ်နှစ်တစ်ကြိမ် ပြန်လည်စိစစ်သွားမည်ဖြစ်ပါသည်။ M&AOSB ၏

ဦးဆောင်စီမံသူများသည် ချမှတ်ထားသည့်မူဝါဒကို အကောင်အထည်ဖော်ကျင့်သုံးစေရန် တာဝန်ရှိသည်သာမက၊ ဤမူဝါဒကို အောင်မြင်စွာ အကောင်အထည်ဖော်ကျင့်သုံးနိုင်ရန် အတွက် ကျွန်ုပ်တို့၏ စီမံခန့်ခွဲမှုဆောင်ရွက်မှုများ၊ ကျွန်ုပ်တို့ နှင့်အတူတကွ လုပ်ကိုင်သော အခြားအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ဆောင်ရွက်မှုများသည်လည်း ဤမူဝါဒအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

Vantage Tower, 623 Pyay Road, Kamayut Township 11041, Yangon, Myanmar
Tel : +95 1 230 7722 ~ 31 Fax : +95 1 230 7720 email : myint@myintassociates.com